
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# ဗုဒ္ဓဘာသာ လက်စွဲ

## သူရန်ကဏ္ဍဒီပကကျမ်း

မူလဓမ္မာရုံဆရာတော်ဘုရားကြီး၏
ပထမအကြိမ်မူကို
ဦးညြသမ ပြန်လည်စီစဉ်သည်။



Candle Buddha Statue Religion
on Pixabay

mgyoe.com

တတိယအကြိမ်

mgyoe.com

# ဗုဒ္ဓဘာသာ လက်စွဲ

## သူရနုကဏ္ဍဦးယကကျမ်း

မူလဓမ္မာရုံဆရာတော်ဘုရားကြီး၏
ပထမအကြိမ်မူကို
ဦးဩသဓ ပြန်လည်စီစဉ်သည်။

ISBN9789997130341
TAYNG2
9 789997 130341
2,000.00 KS

mgyoe.com

ဗုဒ္ဓဘာသာလက်စွဲ၊သုဇနကဏ္ဍဒီပကကျမ်း
တမျက်နှာ ၁၃၆++ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၃၊ မြင့်မြင့်သန်းစာအုပ်တိုက်ထုတ်၊ ဒုတိယအကြိမ်မှ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


- နိဒါန်း ဂ
၁။ ရတနတ္တယ ပဏာမ ၁
၂။ ဘုရားပင့် ၃
၃။ ကန်တော့ခန်းနှင့်
ငါးပါးသီလဆောက်တည်ရန် ၅
၄။ ရှစ်ပါးသီလ ဆောက်တည်ရန် ၁၅
၅။ ရေကပ်၊ ဆွမ်းတော်ကပ်၊
ပန်းကပ်၊ ဆီမီးကပ်တို့ကို ပြခြင်း ၂၄
၆။ စေတီလေးမျိုး ဘုရားရှိခိုး ၂၇
၇။ သတ္တဋ္ဌာန ဘုရားရှိခိုး ၂၉
၈။ အနန္တငါးပါး ဘုရားရှိခိုး ၃၃


mgyoe.com

mgyoe.com


၉။ အခါတော်ခုနစ်ပါး ဘုရားရှိခိုး ၃၅
၁၀။ မဟာဝင်ဘုရားရှိခိုးနှင့် ဆုတောင်း ၃၈
၁၁။ ဘုရားဂုဏ်တော် ကိုးပါး ၄၀
၁၂။ တရားဂုဏ်တော် ခြောက်ပါး ၄၁
၁၃။ သံဃာဂုဏ်တော် ကိုးပါး ၄၃


## သုံးပါးစုတရားတော်များ


၁၄။ ကပ် သုံးပါး ၄၅
၁၅။ စရိယ သုံးပါး ၄၅
၁၆။ ဝိဇ္ဇာ သုံးပါး ၄၆
၁၇။ လောက သုံးပါး ၄၆
၁၈။ သားအပြား သုံးပါး ၄၇
၁၉။ ခေတ် သုံးပါး ၄၇
၂၀။ ကာယဒုစရိုက် သုံးပါးနှင့်
ၾငင်းတို့၏ အင်္ဂါပယောဂ အပြား ၄၈
(သုရာမေရယကံနှင့် ကာယဒုစရိုက်
"ကာမေသုမိစ္ဆာစာရ"အရာ၌ သွင်း၍
ဆက်စပ်ပြထားသည်။)
၂၁။ မနောဒုစရိုက် သုံးပါးနှင့်
ၾငင်းတို့၏အင်္ဂါ ပယောဂအပြား ၅၈


mgyoe.com

mgyoe.com

## လေးပါးစု တရားတော်များ


၂၂။ ဝစီဒုစရိုက် လေးပါးနှင့်
ၚင်းတို့၏ အင်္ဂါပယောဂ အပြား ၆၁

၂၃။ အပါယ် လေးပါး ၆၇

၂၄။ ဝိပ္ပလ္လာသတရား လေးပါး ၆၈

၂၅။ သမ္မတ္တတရား လေးပါး ၆၈

၂၆။ စက် လေးပါး ၆၉

၂၇။ မဂ် လေးပါး ၆၉

၂၈။ ဖိုလ် လေးပါး ၇၀

၂၉။ သစ္စာ လေးပါး ၇၀

၃၀။ သောတာပတ္တိမဂ်ကို
ရခြင်းတရား လေးပါး ၇၁

၃၁။ သောတာပတ္တိဖိုလ်ကို
ရခြင်းတရား လေးပါး ၇၁

၃၂။ အစိန္တေယျ လေးပါး ၇၂

၃၃။ အဂတိ လေးပါး ၇၂


## ငါးပါးစု တရားတော်များ


၃၄။ ရန်သူမျိုး ငါးပါး ၇၄

၃၅။ ဗျသနတရား ငါးပါး ၇၄

၃၆။ စွန့်ခြင်းကြီး ငါးပါး ၇၅


mgyoe.com

mgyoe.com


၃၇။ မာန် ငါးပါး ၇၅

၃၈။ ဧည့်ယျှခံတရား ငါးပါး ၇၆

၃၉။ ခန္ဓာ ငါးပါး ၇၇

၄၀။ ဥပသကာတို့
မရောင်းအပ်သောကုန် ငါးပါး ၇၇

၄၁။ ဆွမ်းအကျိုး ငါးပါး ၇၈

၄၂။ ပဋ္ဌာနန္တရိယကံ ငါးပါး ၇၈

၄၃။ ရှိခိုးရာ၌ တည်ခြင်း ငါးပါး ၇၉

၄၄။ ဈာန်မဂ်ဖိုလ်၏ အန္တရာယ် ငါးပါး ၇၉

၄၅။ သားသမီးကျင့်ဝတ် ငါးပါး ၈၀

၄၆။ မိဘကျင့်ဝတ် ငါးပါး ၈၀

၄၇။ တပည့်ကျင့်ဝတ် ငါးပါး ၈၁

၄၈။ ဆရာကျင့်ဝတ် ငါးပါး ၈၁

၄၉။ လင်ကျင့်ဝတ် ငါးပါး ၈၁

၅၀။ မယားကျင့်ဝတ် ငါးပါး ၈၂

၅၁။ မိတ်ဆွေကျင့်ဝတ် ငါးပါး ၈၂

၅၂။ အရှင်ကျင့်ဝတ် ငါးပါး ၈၃

၅၃။ ကျွန်ကျင့်ဝတ် ငါးပါး ၈၃

၅၄။ ဒါယကာကျင့်ဝတ် ငါးပါး ၈၄


mgyoe.com

mgyoe.com

## ခြောက်ပါးစု တရားတော်များ


၅၅။ ရဟန်းကျင့်ဝတ် ခြောက်ပါး ၈၅
(ကျင့်ဝတ်များ၏ အကျိုးအပြစ်ကို
ဆက်၍ ပြထားသည်။)

၅၆။ ဘုန်းတော် ခြောက်ပါး ၈၆

၅၇။ နာယကဂုဏ် ခြောက်ပါး ၈၇

၅၈။ နေရာအပြစ် ခြောက်ပါး ၈၇

၅၉။ စရိုက် ခြောက်ပါး ၈၈


## ခုနစ်ပါးစု တရားတော်များ


၆၀။ သူတော်ကောင်းဥစ္စာ ခုနစ်ပါး ၈၉

၆၁။ သူတော်ကောင်းတရား ခုနစ်ပါး ၉၀

၆၂။ သောတာပန်နှင့်
အလားတူသော ကျင့်ဝတ် ခုနစ်ပါး ၉၁

၆၃။ သံဃိက ခုနစ်ပါး ၉၁


## ရှစ်ပါးစု တရားတော်များ


၆၄။ ရုပ်ပြစ် ရှစ်ပါး ၉၃

၆၅။ လောကဓံတရား ရှစ်ပါး ၉၄

၆၆။ မဂ္ဂင် ရှစ်ပါး ၉၅

၆၇။ ဝိဇ္ဇာ ရှစ်ပါး ၉၆


mgyoe.com

mgyoe.com

၆၈။ ငရဲကြီး ရှစ်ထပ် ၉၇

## ၁၀ ပါးစု တရားတော်များ

၆၉။ ပါရမီ ၁၀ ပါး ၉၉
၇၀။ ပုညကြိယာ ၁၀ ပါး ၁၀၀
၇၁။ ဥပသကာဂုဏ် ၁၀ ပါး ၁၀၁
၇၂။ ဒုစရိုက် ၁၀ ပါး ၁၀၃
(ဒုစရိုက်အကျယ်ကို သုံးပါးစု၊
လေးပါးစု ဒုစရိုက်အရာမှာ
ပြထားသည်။)
၇၃။ ရေအကျိုး ၁၀ ပါး ၁၀၃
၇၄။ ခင်ပွန်းကြီး ၁၀ ပါး ၁၀၄
၇၅။ အရှယ် ၁၀ ပါး ၁၀၅
၇၆။ ကျေးဇူးရှိသော ပုဂ္ဂိုလ်တို့၌ ပြစ်မှားခြင်းကြောင့်
ကျရောက်တတ်သော ဒဏ် ၁၀ ပါး ၁၀၆

## ပကိဏ္ဏက တရားတော်များ

၇၇။ မေတ္တာအကျိုး ၁၁ ပါး ၁၀၈
၇၈။ အာယတန ၁၂ ပါး ၁၀၉
၇၉။ ပုဂ္ဂလိကဒါန
လှူအပ်သောပုဂ္ဂိုလ် ၁၄ ပါး ၁၁၀

mgyoe.com

mgyoe.com

၈၀။ စရဏ ၁၅ ပါး ၁၁၁
၈၁။ ဓာတ် ၁၈ ပါး ၁၁၂
၈၂။ ပဋိစ္စ သမုပ္ပါဒ် ၁၉ ပါး ၁၁၃
၈၃။ ဘုံ ၃၁ ဘုံ ၁၁၅
(အကျယ်ကို တစ်ဆက်တည်းပြထားသည်။)
၈၄။ ယောကျ်ားမြတ်တို့၏
လက္ခဏာတော်ကြီး ၃၂ ပါး ၁၂၀
၈၅။ ကောဋ္ဌာသ ၃၂ ပါး ၁၂၅
၈၆။ မင်္ဂလာတရား ၃၈ ပါး ၁၃၄
၈၇။ ကမ္မဋ္ဌာန်း ၄၀ တို့၏ သရုပ်ကိုပြခြင်း ၁၃၇
(စရိုက် ခြောက်ပါးတို့နှင့်လျော်သော
ကမ္မဋ္ဌာန်းများကို တစ်ဆက်တည်း ပြထားသည်။)
၈၈။ မေတ္တာပို့ ပါဠိများ ၁၄၅
၈၉။ ၅၂၈ သွယ် မေတ္တာကောက်ယူနည်း ၁၄၈
၉၀။ ရေစက်ချ စာတမ်း ၁၅၁
၉၁။ အမျှဝေ စာတမ်း ၁၅၄
၉၂။ နိဂုံး ၁၅၆
- နောက်ဆက်တွဲ
ဗုဒ္ဓဂုဏ်တော်ရောင် စာတမ်း ၁၅၉

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

ဣစ ပန မာဏာဝ ဧကစ္စော ဣတ္ထီဝါ ပုရိသောဝါ အမဏ်ဝါ ဗြဟ္မဏ်ဝါ ဥပသင်္ကမိတွာ ပရိပုစ္ဆိတာ ဟောတိ ကိံ ဘန္တေ ကုသလံ ကိံ အကုသလံ...

အစရှိသော စူဠကမ္မဝိဘင်္ဂသုတ္တန် ဒေသနာတော်လာသည်နှင့်အညီ၊ ကောင်းသော ကုသလဓမ္မ၊ မကောင်းသော အကုသလဓမ္မ၊ အပြစ်ရှိသော သာဝဇ္ဇဓမ္မ၊ အပြစ်ကင်းသော အနဝဇ္ဇဓမ္မ၊ မှီဝဲအပ်သော သေဝိတဗ္ဗဓမ္မ၊ မမှီဝဲအပ်သော အသေဝိ တဗ္ဗဓမ္မ စသည် များပြား ကိုယ်ကျင့်တရားတို့ကို သင်ကြား၊ ဆောင်ရွက်၊ လေ့ကျက်၊ နာခံ၊ ကျင့်ကြံ၊ လျှောက်ထား၊ ဟောကြားစေသော သူတို့သည် ဉာဏ်ပညာကြီးမားသော အကျင့်တရားကို ကျင့်သည်

mgyoe.com

mgyoe.com



မည်ကြပေသည်။

ငင်း မဟာပညသံဝတ္တနိက ကုသိုလ်မှုကို ပြုစုရန် လိုလားကြပါသော ဖားကူးရွာနေ ဥပသကာအပေါင်း သူတော်ကောင်းတို့၏ ရိုညောင်းဝတ်တွား လျှောက်ထား တောင်းပန် ခြင်းကို အကြောင်းပြု၍...

ယဿ ခန္ဓ ဓာတု အာယတနာဒီသု ဉဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာနိ နတ္ထိ၊ အယံ အန္ဓပုထုဇ္ဇနော။ ယဿ တာနိ အတ္ထိ၊ သော ကလျာဏ ပုထုဇ္ဇနော။

ဤသို့ ဟောကြားသော ဒေသနာတော်အရ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ အစရှိသော တရားမှန် တရား ကောင်းတို့ကို မေးမြန်း၊ နာခံ၊ သင်အံ၊ ဆောင်ရွက်၊ လေ့ ကျက်ဆင်ခြင်ကြပါက ပုထုဇဉ်ပင် ဖြစ်လင့်ကစား အထက်တန်းစား ကလျာဏသူမွန် ထူးချွန်သော သူတော် ကောင်းများ ဖြစ်နိုင်ကြလေသည်။ ဤသို့ ကလျာဏ သူမွန် လူချွန်လူကောင်းများ ဖြစ်ကြစေလို၍လည်း ကောင်း။

ပါရမီကုသိုလ် ညင်ညိုဆေးလေး နုနယ်နွေးသော ဉာဏ်ရှိ သူတို့သည် ဖြတ်တောက်၊ ပေါင်းစပ် မှန်ကန် အောင် မဖတ်တတ်သောကြောင့် ပုဒ်သေး၊ ပုဒ်မ မကျန် အသေးစိတ် ဝေဖန်၍ နည်းမှန်အောင် ညွှန်ပြသောအားဖြင့် အရွတ်အဖတ်ပင် လွယ်ကူစွာ ဖြစ်စေလိုသောကြောင့်

mgyoe.com

mgyoe.com



လည်းကောင်း။

ယခုဘဝမှစ၍ တိုးတက်သော ဗဟုသုတ၊ ဓမ္မဓရ ပုဂ္ဂိုလ်ဖြစ်ကြပြီးလျှင် ဘဝအဆင့်ဆင့်တွင် ကြီးမြင့်သော မဟာ ပညာ သံဝေဂ္ဂနိက အကျိုးကိုရ၍ မဂ်ရောက် ဖိုလ်ဝင် နိဗ္ဗာန်ခွင်သို့ရောက်အောင် မြင့်မြတ်သောအကျိုးကို ခံစား ကြစေရန် ရည်သန်သော ကရုဏာဓာတ်ဖြင့် တိုက် တွန်းတော်မူအပ်ပါသော...

လဒ္ဓိပေသလ သိက္ခာကာမ သာသနဝုမိုမာမက အတိ ဥဿဟာဂုရ စသည် ပြန့်ပွားဂုဏ်ကြီးမားတော်မူ သော ဖားကူးအရှေ့ရွာ (မူလ ဓမ္မာရုံဆရာတော်ဘုရားကြီး သည်) ဗုဒ္ဓဘာသာဝင်မှန်သမျှတို့၏ အခြေခံ တရားအစစ် ဖြစ်၍ သူတော်ကောင်းတို့နှစ်သက်သော တရားတော်တို့ ကို ပြကြောင်းဖြစ်သော **(သုဇန ကဏ္ဍဒီပကကျမ်း)**ကို စီစဉ်ရေးသားတော်မူ၍ ပထမတစ်ကြိမ် ရိုက်နှိပ်ဖြန့်ဝေခဲ့ပါ သတည်း။

ဆရာတော်ဘုရားကြီး၏ ကျမ်းစာမှာမူပင် ပျောက်ကွယ်မတတ်ဖြစ်ခဲ့ရာ သင်အံ၊ လေ့ကျက်ခဲ့သော တပည့်ဒကာ အပေါင်းတို့ တောင်းပန်ချက်အရ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်သော သာကေတမြို့၊ အာဒိကာရုံကျောင်းတိုက်၊ ဓမ္မာရုံဘုန်း တော်ကြီး ဦးသြဘာသ သန့်ရှင်းအောင် စီစဉ်ပြီးလျှင်...

mgyoe.com

mgyoe.com

(ဃ)

ရန်ကုန်မြို့ ၅၁ လမ်း စာရေးဆရာကြီး "မေမြို့မောင်"၏ ကူညီအားပေးမှုကို အမှီပြုလျက် ဒုတိယအကြိမ် ထပ်မံပုံနှိပ် ဖြန့်ဝေရသည် ဖြစ်ပါကြောင်း။

ဦးသြသဓ

၁၃၂၅ ခုနှစ်၊ နယုန်လဆန်း ၈ ရက်။

❖

mgyoe.com

mgyoe.com

## ၁။ ရတနတ္တယ ပဏာမ

ဗုဒ္ဓံ သဓမ္မ သံဃာဟံ၊
သုဇနက္ကန္တ ဒေသကံ။
ဗျတ္တံ လိခါမိ ဝန္ဒိတွာ၊
သုဇနက္ကန္တ ဒီပကံ။ ။
မန္ဒပညာန မတ္ထာယ၊
ဥပါသကေဟိ ယာစိတော။
လိခိဿံ သော သုဗျတ္တံ ယံ၊
ဝိဒူနံပိ မနောဟရော။ ။

အဟံ၊ ခန္ဓာငါးဝ သမူဟကို အတ္တသမုတ် အကျွန်ုပ်သည်။ သုဇနကန္တဒေသကံ၊ ရတနာသုံးစုံ ကြည်ယုံညွတ်တွား သူတော်အများတို့ လိုလားနှစ်သက် ဓမ္မစက်ကို မိန့်မြွက်

mgyoe.com

mgyoe.com



တန်တန် ဝေဖန်ပိုင်းခြား ဟောကြားတော် မူတတ်ထသော။ သဗ္ဗသံဃံ၊ ကိုးရပ်တစ်တန် ဆယ်တန်ဓမ္မ ရှစ်ဝအရိယာ မြတ်သံဃာနှင့်တကွ ဖြစ်တော်မူထသော။ ဗုဒ္ဓံ၊ ကြွင်းမဲ့ဉသုံ အလုံးစုံကို အကုန်အစင် သိမြင်ထင်ရှား ရှင်တော်ဘုရားကို။ ဝန္ဒိတွာ–ဝန္ဒာမိ၊ ရိုသေညွတ်ခ ဂါရဝဖြင့် ကြည်စွသဒ္ဓါ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဗျတ္တံ၊ ထင်ရှားထသော။ (ဝါ) ပါဠိ၊ အနက် ရောယှက်လွတ်ကင်း ထင်လင်းဖော်ပြ သရူပကို မုချပိုင်ပိုင် သိနိုင်စေကြား လွန်စွာ ထင်ရှားသော။ သုဇနကန္တ ဒီပကံ၊ သုဇနကန္တ–ဒီပကဟု နာမဘွဲ့ဆန်း ဤသည့်ကျမ်း ကို။ (ဝါ) သူတော်တကာ များစွာလိုလား ကျင့်တရားကို ထင်ရှားပြ ရာ မည်သာဘွဲ့ဆန်း သုဇနကန္တဒီပက မည်သော ကျမ်းကို။ လိခါမိ၊ စီစဉ်ရေးသားပေအံ့။

ဖားကူးဂါမေ၊ ဖားကူးရွာ၌။ ဝသန္တေဟိ၊ ယထာဗလ မြတ်ပုညကို နေ့ညမယုတ် အားထုတ်ဆောင်ရွက် နေထိုင် လျက်ရှိကြကုန်သော။ (ထည့်) ဉပါသကေဟိ၊ ရတနာသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ်ဝပ်တွား ဉပသကာ အများတို့ သည်။ ယာစိတော၊ ပညာ သံဝတ္တနိက ကုသလမျိုး စိုက်ပျိုးကြ ရန် သမ္မာဉာဏ်ဖြင့် တောင်းပန်အပ်သည်ဖြစ်၍။ မန္ဒပညာနံ၊ ပါရမီ ပုည သမ္ဘာရသေး နုန့်နှေးသော ပညာရှိသူတို့၏။ အတ္ထာ ယ၊ အကျိုးငှာ။ ယံသတ္တံ၊ သုဇနကန္တ၊ ဒီပကဟု နာမမည်ဆန်း အကြင်ကျမ်းကို။ သုဗျတ္တံ၊ အလွန် ထင်ရှားစွာ။ လိခိဿံ၊

mgyoe.com

mgyoe.com



စိစဉ်ရေးသားပေအံ့။ သော သတ္တော၊ ပညာနုန့်သူ ထိုထိုလူတို့ ကြည်ဖြူဆောင်ရွက် လေ့ကျက်လွယ်ရန် ရည်သန်သော နှလုံး ခာတ်ဖြင့် ရေးသားအပ်သော ထိုကျမ်းသည်။ ဝိ ဒူ နံ ပိ၊ တိက္ခ ဉာဏ်ထင် ပညာရှင်တို့၏လည်း။ မနောဟရော၊ စိတ်နှလုံးကို ရွှင်ပြုံးစေလျက် နှစ်သက်စေနိုင်သည်။ ဟောတု၊ ဖြစ်စေ သတည်း။ ။

* * *

## ၂။ ဘုရားပင့်

အစိန္တေယျ၊ အပ္ပမေယျ၊ အတုလဂုဏ်အင်၊ ဆုံးမထင် သဖြင့်၊ သုံးခွင်လောက၊ အနန္တစက္ကဝါ၊ ဒိသာပတ်ကုံး၊ ကျွန်း အလုံး၌၊ ထွတ်ဆုံးအဓိပတိ၊ မုနိမှန်ကူ၊ သယမ္ဘူ ရှင်တော်မြတ် သည်။ ကပိလဝတ်ပြည်၊ သာစည်ဆန်းကြယ်၊ ခက်နွယ်ယှက် ရုံ၊ ပွင့်မျိုးစုံသည့်၊ လုမ္ဗဏီသာမော၊ အင်ကြင်းတော၌၊ ရွှင်မော ကြည်သာ၊ မယ်မာယာဝမ်း၊ ကြာတိုက်ခန်းမှ၊ ပွင့်လန်းသန့်စင်၊ ဖွားမြင်တော်မူစက...

အဂ္ဂေါဟ မသ္မိ လောကဿ၊ သေဋ္ဌောဟ မသ္မိ
လောကဿ၊ ဇေဋ္ဌောဟ မသ္မိ လောကဿ...

ကိုယ်တော်တိုင် ဟောဖော်ပြလျက်၊ ရဲလှသော စိတ်အာ ဇာ၊ အင်ရှစ်တန် နှုတ်သံသာဖြင့်၊ မှန်ကန်စွာ မြွက်ကြားသည့်၊

mgyoe.com

mgyoe.com


ဒေသနာ စကားတော်အရ၊ သုံးလောက ဘုံအပြင်ဝယ်၊ တုမမြင် ဘက်မရှိ၊ ဓိပတိ ဥက္ကဋ္ဌ၊ သုံးလူ့ဘထိပ်ခေါင်တင်၊ ဂုဏ်မျိုးရှင် ဖြစ်တော်မူသော မြတ်စွာဘုရား။

ဒေဝါတိဒေဝါ၊ ဗြဟ္မာတိဗြဟ္မာ၊ မကုဋ္ဌာဓိပတိ၊ ဘဝဂ် တိုင် ပြန့်ထိသဖြင့်၊ ဆုံးမရှိဂုဏ်တော်ရောင်၊ မြတ်ဆုံးခေါင် ဘုရားရှင်သည်။

ကျေးဇူးတော်တက်ကြွား၊ ဂုဏ်ပန်းတော် ပြန့်ပွား သည့်၊ တစ်ဆူသော ရှင်တော်ဘုရား၏၊ ကြီးမားသော ဂုဏ်တော်ကို၊ ရေတွက်ပိုင်းခြား၊ သဗ္ဗညုရွှေဉာဏ်ဖြင့်၊ ကေန် ပင်ဟောကြားသော်လည်း၊ ရှည်လျားခွန့်ကွာ၊ ကပ်ကမ္ဘာသည်၊ မှန်စွာရွေ့ပြောင်း၊ လွန်ကြာညောင်း၍၊ စွန့်ပြောင်း ပျက်ကာ၊ ကုန်ခဲ့ရာသတည်း။

ဂုဏ်တော်မှန်လှ၊ အနန္တမှာ၊ မုချကြီးပိုင်၊ မဆုံးနိုင် သဖြင့်၊ သုံးခိုင်လောက၊ မကုဋ္ဌသေဋ္ဌနင်း၊ အမင်းမင်းတို့၊ ဝတ်စင်းကြရာ၊ သညာမှန်လှ၊ အနန္တမည်တွင်၊ သဗ္ဗညုရှင်ပင် ဘုရား။

ဒီပင်ဗုဒ္ဓ၊ ထံရင်းတော်မူလမှ၊ နိယတရွှေဗျာကို၊ ခပ်နှိပ်စဉ် ထိုအခါဌ်၊ မြဲသစ္စာဆိုထား၊ သုံးခွန်းသော ထို စကားကို၊ မြွက်ကြားတော်မူချက်အရ၊ ဝဋ္ဋဒုက္ခသံသာယာဉ်၌၊ အဖန်ဖန် ကျင်လည်ကြ၊ ဝေနေယျ ဒုက္ခိတာ၊ နစ်မွန်းသူ အဖြာဖြာကို၊ ဥပေက္ခာ လျစ်လျူထား၍၊ ရှုစားတော်မမူပါဘဲ၊

mgyoe.com

mgyoe.com

ဖေးမတွဲကူ၊ သောင်နိဗ္ဗူကမ်းထက်သို့၊ လှမ်းတက်ရန် အပါ ယူ၍၊ စောင်မတော်မူစေရန်၊ စိတ်ထက်သန် သဒ္ဓါကောင်းဖြင့်၊ ညွတ်ပြောင်းဝတ်တွား၊ လျှောက်ထားပါသည်၊ အနန္တ ဂုဏ် တော်သခင်၊ သဗ္ဗညုရှင်ပင် ဘုရား။

လောကနာထော၊ လူသုံးပါးတို့၊ မှီခိုလေးစား၊ အားထားရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ အမှာကံ၊ ခွင့်ပန်လျှောက်ထား၊ တပည့်တော်အများတို့၏။ ဂါရဝဋ္ဌာနံ၊ ရှိသေညွတ်ခိုက်၊ အာရုံစိုက်၍၊ ဦးတိုက်ရာဖြစ်တော်မူသော။ ပလ္လင်္ကံ၊ လျောက်ပတ်စံရာ၊ ပလ္လင်သာသို့။ အာဂစ္ဆတု၊ စက်စုံပါဒ၊ မြှောက်ချီမ၍၊ ကြွတော်မူပါ့ အရှင်ဘုရား။

* * *

## ၃။ ကန်တော့ခန်းနှင့် ငါးပါးသီလ ဆောက်တည်ရန်

### ကန်တော့ခန်း

ဩကာသ ဩကာသ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါ စေခြင်း အကျိုးငှာ၊ ပထမ၊ ဒုတိယ၊ တတိယ တစ်ကြိမ်၊ နှစ် ကြိမ်၊ သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတို့ကို အရို အသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့

mgyoe.com

mgyoe.com

ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသောအကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ၊ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍၊ အဆုံးစွန်သောဘဝ၌ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

**(*ခရေပွင့်ပြရာ၌ "ကံသုံးပါးတို့တွင် တစ်ပါးပါးသော ကံဖြင့် ပြစ်မှားမိသော" ဟူ၍ ပါဠိအရာ၌ ပါ၌သေသထည့်သလို စကားကြွင်း ထည့်စပ်ရမည်။ ။ဆရာတော်ကြီးများ ရွေးသုံးမှုရင်းအတိုင်း ထည့်လိုက်သည်။)**

## ငါးပါးသီလတောင်း ပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေဘန္တေ။

တတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ ပဉ္စ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေဘန္တေ။

အာမဘန္တေ။

mgyoe.com

mgyoe.com



ဘုရားရှိခိုး ပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သရဏဂုံဆောက်တည်ရန် ပါဠိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
အာမဘန္တေ။

သိက္ခာပုဒ်ဆောက်တည်ရန် ပါဠိ

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အာမဘန္တေ။

mgyoe.com

mgyoe.com



## ငါးပါးသီလတောင်း အနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သီလဟုဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ်သိက္ခာပုဒ်တော်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ အရှင်ဘုရား။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ ဘုရားတပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြှင့်ထောက်ပံ့ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

(နောက်ပုဒ်များ၏ အနက်ကို ဆိုရာ၌)

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း...

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း...

(ဤမျှသာ ထူးသည်။ အကြွင်း တူပြီဖြစ်၍ ချန်ထားခဲ့သည်။)

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ လိုက်၍ ဆိုပါမည် အရှင်ဘုရား။

## ဘုရားရှိခိုး နမောတဿ အနက်

အရဟတော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်ရာအထူးကို ခံတော်မူထိုက်ထသော။

(တစ်နည်း) အရဟတော၊ သံသရာစက်ရဟတ်၏ အကန့်အကွက်ကို ပယ်ဖျောက်တော်မူထသော။

mgyoe.com

mgyoe.com


(တစ်နည်း) အရဟာတော၊ တစ်ထောင့်ငါးရာ၊ ကိလေသာဟူသော ရန်အပေါင်းကို၊ ထောင်းထောင်း ကျေညက်၊ အရဟတ္တမဂ်၊ ဓားသန်လျက်ဖြင့်၊ ပယ်ဖျက်ခုတ်ဖြတ်၊ အကြွင်းမဲ့ သတ်သော်မူထသော။

(တစ်နည်း) အရဟာတော၊ ပညာရှိယောင်၊ လူမိုက်ခေါင်တို့၊ လူ့ဘောင်မလှ၊ အရှက်ရမည်ကြောင့်၊ ကွယ်ပ ညစ်ကျူး မကောင်းမှုကို၊ ပြုကြပမာ၊ ထွတ်မြတ်စွာကား၊ ဆိတ်ငြိမ်ရာ၌၊ ယုတ်မာညစ်ကျူး မကောင်းမှုကို၊ ပြုကျင့်ခြင်းငှာ၊ ထိုက်တော်မမူထသော။

သမ္မာသမ္ဗုဒ္ဓဿ၊ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်၊ မြတ်သော ဥေယျာဝံ၊ တရားမှန်ကို၊ ဉာဏ်သယမ္ဘူ၊ ပိုင်းယူသီးသီး၊ သိမြင်တော်မူပြီးထသော။ တဿ ဘဂဝတော၊ ကံဉာဏ် ဝီရိယ၊ ဓမ္မပါရမီ၊ စာဂီတင့်တင့်၊ သမ္ဘာမြင့်၍၊ ပွင့်တော်မူလာ၊ ရောင်ဝါ ဖိတ်ဖိတ်၊ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တာဟု ဘဂဝခြောက်စုံ၊ ဘုန်းတော်ဂုဏ်နှင့်၊ ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား။ နမော–နမကာရော၊ ကိုယ်၊ နှုတ်၊ မနသီ၊ အဥ္ဇလီမျိုး၊ တင်ချီလျှိုး၍၊ ရှိခိုးခြင်းသည်။ အတ္တု–ဘဝတု၊ ဖြစ်ပါစေသတည်း။

**သရဏာဂုံ အနက်**

ဗုဒ္ဓံ၊ သစ္စာလေးပါး၊ မြတ်တရားကို၊ ပိုင်းခြားသိမြင်

mgyoe.com

mgyoe.com



တော်မူသော မြတ်စွာဘုရားကို။ သရဏံ–သရဏံဣတိ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဓမ္မံ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ် ဟု ဆိုအပ်သော ၁၀ ပါးသော တရားတော်မြတ်ကို။ သရဏံ– သရဏံ ဣတိ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

သံဃံ၊ ကလျာဏပုထုဇ္ဇန်၊ သံဃာတော်နှင့်တကွ၊ ရှစ်ပါးသော ပရမတ္ထအရိယာ၊ သံဃာတော်မြတ်ကို။ သရဏံ– သရဏံ ဣတိ၊ ကိုးကွယ်ဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း...

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း...

(အကြွင်း အနက်ပေးရန်တူပြီ)။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ သရဏဂုံနှင့် ပြည့်စုံ ပါပြီ အရှင်ဘုရား။

## ပါဏာတိပါတ သိက္ခာပုဒ် အနက်

(၁) ပါဏာတိပါတာ၊ သူ၏ အသက်ကို သတ်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

mgyoe.com

mgyoe.com



## ပါဏာတိပါတ ဆုတောင်း

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော် သည်။ အနေနပုညေန၊ ဤပါဏာတိပါတ သိက္ခာပုဒ်ကို ကောင်းစွာ ခံယူဆောက်တည်ရပါသော ကောင်းမှုကြောင့်။ ဘဝေဘဝေ၊ မဟာအသဉ်တခတ်၊ ပြည်တော်မြတ်သို့။ မကပ်မရောက်မီ၊ အညီစင်စစ်၊ ဖြစ်လေရာရာ၊ ဘဝတိုင်း ဘဝတိုင်း၊ ဘဒ္ဒန္တဗာ ကုလထေရောဝိယ၊ ကိုးဆယ့်ခြောက်ဖြာ၊ ရောဂါဗျာဓိ၊ မရှိ ကင်းကွာ၍၊ သက်တော်တစ်ရာ့ခြောက်ဆယ်၊ ပြည့်ကြွယ်တော် မူသော၊ အရှင်ဗာကုလ မထေရ်မြတ်ကဲ့သို့။ ဒီဃာယုကော၊ ရှည်သောအသက်ရှိသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏ ဘုရား။

## အဒိန္နာဒါန သိက္ခာပုဒ် အနက်

(၂) အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ခြင်းဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

## အဒိန္နာဒါန ဆုတောင်း

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော် သည်။ အနေနပုညေန၊ ဤအဒိန္နာဒါန သိက္ခာပုဒ်ကို ကောင်းစွာ

mgyoe.com

mgyoe.com



ခံယူဆောက်တည်ရပါသော ကင်းမှုကြောင့်။ ဘဝေဘဝေ၊ မဟာအသင်္ခတဓာတ်၊ ပြည်တော်မြတ်သို့၊ မကပ် မရောက်မီ၊ အညီစင်စစ်၊ ဖြစ်လေရာရာ၊ ဘဝတိုင်း ဘဝတိုင်း။ ဇဋ္ဌိလမေဏ္ဍကောဝိယ၊ ဇဋ္ဌိလသူဌေး၊ မေဏ္ဍကသူဌေးကဲ့သို့။ မဟာဒ္ဓနော၊ များစွာကုံလုံ၊ ပြည့်စုံကြွယ်ဝသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

## ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် အနက်

(၃) ကာမေသုမိစ္ဆာစာရာ၊ မာတုရက္ခိတ၊ စသည်နှစ်ဆယ်၊ သွယ်သွယ်ဥသုံ၊ ကာမဂုဏ်တို့၌၊ မှားယွင်းသော အကျင့်ကို ကျင့်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

## ကာမေသုမိစ္ဆာစာရ ဆုတောင်း

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော် သည်။ အနေနပုညေန၊ ဤကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို ကောင်းစွာ ခံယူဆောက်တည်ရပါသော ကောင်းမှုကြောင့်။ ဘဝေ ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ ဗောဓိသတ္တသုမေဓော ဝိယ၊ ဒီပင်္ကရာ၊ ထွတ်ချာမှန်ကင်း၊ သုံးလူ့မင်း၏၊ ခြေရင်းတော်၌၊ ဝပ်ဆင်း ခယ၊ နိယတဗျာဒိတ်ပန်းကို၊ ဆင်မြန်းပန်ယူတော်မူသော၊

mgyoe.com

mgyoe.com


သုမေဓာ်ဘုန်းဟော့၊ အလောင်းတော် ရှင်ရသေ့ကဲ့သို့။ ပုရိသုတ္တမော၊ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်၊ ယောကျ်ားစစ်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

မုသာဝါဒ သိက္ခာပုဒ် အနက်

(၄) မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

မုသာဝါဒ ဆုတောင်း

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော် သည်။ အနေနပုညေန၊ ဤမုသာဝါဒ သိက္ခာပုဒ်ကို ကောင်းစွာ ခံယူဆောက်တည်ရပါသော ကောင်းမှုကြောင့်။ ဘဝေဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ ဓမ္မာသောကောဝိယ၊ အထက်တစ်ယူဇနာ၊ အောက်တစ်ယူဇနာ၊ ဒီပါဇမ္ဗူ ကျွန်းလုံးငှက်ကို အစိုးရတော်မူသော ဓမ္မာသောက မင်းမြတ်ကဲ့သို့။ အာဏာဗျာပကော၊ အာဏာ၏ ပျံ့နှံ့ခြင်းသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

သုရာမေရယ သိက္ခာပုဒ် အနက်

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ သုရာငါးပါး၊ မေရယ

mgyoe.com

mgyoe.com



ငါးပါးတို့ကို သောက်စားခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

## သုရာမေရယ ဆုတောင်း

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော် သည်။ အနေနပုညေန၊ ဤသုရာမေရယ သိက္ခာပုဒ်ကို ကောင်းစွာ ခံယူဆောက်တည်ရပါသော ကောင်းမှုကြောင့်။ ဘဝေဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ ဗောဓိသတ္တမဟောသဓော ဝိယ၊ ဘုရားဆုကြီးကို ပန်ဆင်တော်မူသော အလောင်းတော် မဟောသဓ သုခမိန် ပညာရှိကဲ့သို့။ မဟာပညော၊ ကြီးကျယ်သော ဉာဏ်ပညာရှိသည်ဖြစ်၍။ အနုမ္မတ္တကော၊ မရူးမသွပ်ရသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

## ငါးပါးသီလ ဆုတောင်း

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော် သည်။ အနေနပုညေန၊ ဤပါဏာတိပါတ၊ စသည်ငါးဖြာ၊ အင်္ဂါနှင့်ပြည့်စုံသော၊ သီလတော်မြတ်ကို ကောင်းစွာ ခံယူဆောက်တည်ရပါသော ကောင်းမှုကြောင့်။ ဘဝေဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ အပါယဒုက္ခာဒီဟိ၊ အပါယ်ဆင်းရဲ အစရှိကုန်သော။ ဒုက္ခေဟိ၊

mgyoe.com

mgyoe.com



ဆင်းရဲအပေါင်းတို့မှ။ မုဉ္စာမိ၊ ကင်းလွတ်ရပါလို၏ အရှင်ဘုရား။ မုဥ္စိတွာန၊ ကင်းလွတ် ပြီးသည်ဖြစ်၍။ တိဘူမိကေသု၊ ကာမ၊ ရူပ၊ အရူပဟူတုံ၊ သုံးပါးသော ဘုံတို့၌။ သံသရန္တောပိ၊ အရိယ သူတော်၊ စံပျော်ရပ်ဌာန်၊ ပြည်နိဗ္ဗာန်သို့၊ အမှန်ထုတ်ချောက်၊ မရောက် မိခင်၊ ကျင်လည်ရသော်လည်း။ အမိတဘောဂေါ၊ မနှိုင်းယှဉ်နိုင်သော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်ဖြစ်၍။ အဇာတိ၊ ပဋိသန္ဓေနေရခြင်းလည်း မရှိထသော။ အဇရ၊ အိုခြင်း လည်း မရှိထသော။ အဗျာဓိ၊ နာခြင်းလည်း မရှိထသော။ အမတ၊ သေခြင်းလည်း မရှိထသော။ နိဗ္ဗုတိ၊ မီးတစ်ဆယ့်တစ် တန်၊ အမှန်ငြိမ်းရာလည်း ဖြစ်ထသော။ နဂရံ၊ မဟာအသင်္ခတ ဓာတ်၊ ပြည်တော်မြတ်သို့။ ပပ္ပေါမိ၊ အမှန်ထုတ်ချောက်၊ ရောက် ရပါလို၏ အရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ လုံခြုံအောင် စောင့်ထိန်း ပါမည် အရှင်ဘုရား။

ငါးပါးသီလ ပါဠိ၊ အနက် ပြီး၏။

* * *

## ၄။ ရှစ်ပါးသီလ ဆောက်တည်ရန်

**သီလတောင်း ပါဠိ**

အဟံ ဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂသမန္နာဂတံ

mgyoe.com

mgyoe.com


ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

တတိယမ္ပိ အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

အာမဘန္တေ။

ဘုရားရှိခိုး ပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သရဏဂုံဆောက်တည်ရန် ပါဠိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

အာမဘန္တေ။

mgyoe.com

mgyoe.com



သိက္ခာပုဒ်ဆောက်တည်ရန် ပါဠိ

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အာဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အာမဘန္တေ။

ရှစ်ပါးသီလတောင်း အနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂ သမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပေါသထ သီလံ၊

mgyoe.com

mgyoe.com



ဥပုသ်သီလဟု ဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ်သိက္ခာ ပုဒ်တော်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ အရှင်ဘုရား။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ ဘုရားတပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြှင့်ထောက်ပံ့ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ ရှစ်ပါးသော သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

(နောက်ပုဒ်များ၏ အနက်ကို ဆိုရာ၌)

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း...

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း...

(ဤမှုသာထူး၍ အကြွင်းအနက် တူပြီ)

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ လိုက်၍ ဆိုပါမည် ဘုရား။

(ဘုရားရှိခိုး နမောတဿ အနက်နှင့် သရဏဂုံ ပါဠိ၏ အနက်များကို ငါးပါးသီလက ရေးခဲ့ပြီ အတူပင်)

**ပါဏာတိပါတ သိက္ခာပုဒ် အနက်**

(၁) ပါဏာတိပါတာ၊ သေစေလိုသော စေတနာရှိသည်ဖြစ်၍ သူ၏အသက်ကို လျှင်စွာ ချခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

mgyoe.com

mgyoe.com


**ပါဏာတိပါတ ဆုတောင်း**

ဘန္တေ၊ အရှင်ဘုရား။ ဣမိနာသိက္ခာပဒ သမာဒါ နေန၊ ဤပါဏာတိပါတ သိက္ခာပုဒ်ကို ကောင်းစွာ ခံယူဆောက်တည် ရပါသော ကုသိုလ်စေတနာကြောင့်။ အနာဂတ ဘဝေသု၊ ဖြစ်လေရာဌာန လာလတ္တံ့သော ဘဝတို့၌။ အာယသ္မာ ဗာကုလ ထေရာဝိယ၊ အရှင်ဗာကုလ မထေရ်မြတ်ကဲ့သို့။ အရောဂဒီဃာယုကော၊ ရောဂါကင်းရှင်း၊ အသက်ရှည်ခြင်းသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

**အဒိန္နာဒါန သိက္ခာပုဒ် အနက်**

(၂) အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်၊ နှုတ်ဖြင့် မပေးအပ်သော၊ သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

(အနက်တူများကို ချုံးခဲ့မည်)

**အဒိန္နာဒါန ဆုတောင်း**

ဘန္တေ၊ ဘုရား။ ဣမိနာသိက္ခာပဒသမာဒါနေန၊ ဤ အဒိန္နာဒါနာ သိက္ခာပုဒ်တော်မြတ်ကို ကောင်းစွာ ခံယူ ဆောက်တည်ရပါသော ကုသိုလ်စေတနာကြောင့်။ အနာဂတ ဘဝေသု၊ တို့၌။ အနုရုဒ္ဓ ရာဇကုမာရောဝိယ၊ အနုရုဒ္ဓါ

mgyoe.com

mgyoe.com



မင်းသားကဲ့သို့။ နတ္ထိတိဝစနံ၊ မရှိဟူသော စကားကို။ အသုတောစ၊ မကြားရသည်လည်းကောင်း။ အာယသ္မာ သီဝလိထေရောဝိယ၊ အရှင်သီဝလိ မထေရ်ကဲ့သို့။ ဂတဂတ ဋ္ဌာနေသု၊ ရောက်ရာ ရောက်ရာအရပ်တို့၌။ မဟာလာဘောစ၊ များသော လာဘ်ရှိသည်လည်းကောင်း။ ဘဝါမိ၊ ဘုရား။

### အဗြဟ္မစရိယာ သိက္ခာပုဒ် အနက်

(၃) အဗြဟ္မစရိယာ၊ မဂ်သုံးပါးတို့တွင်၊ တစ်ပါးပါးသော မဂ်၌၊ မေထုန်မှီဝဲခြင်းဟု ဆိုအပ်သော မမြတ်သော အကျင့်ကို ကျင့်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ပါ၏။

### အဗြဟ္မစရိယ ဆုတောင်း

ဘန္တေ၊ ဘုရား။ ဣမိနာ သိက္ခာပဒ သမာဒါနေန၊ ဤအဗြဟ္မစရိယ သိက္ခာပုဒ်တော်မြတ်ကို ကောင်းစွာ ခံယူဆောက်တည်ရပါသော ကုသိုလ်စေတနာကြောင့်။ အနာဂတ ဘဝေသု၊ တို့၌။ အရဟန္တောဝိယ၊ ရဟန္တာသခင် အရှင်မြတ်ကဲ့သို့။ ဒိဗ္ဗကာမဂုဏေပိ၊ နတ်၌ဖြစ်သော ကာမဂုဏ်၊ ငါး အာရုံ၌သော်လည်း။ ဝိရတ္တော၊ တပ်ခြင်းကင်းသည်။ ဘဝါမိ၊ ဘုရား။

mgyoe.com

mgyoe.com



### မုသာဝါဒ သိက္ခာပုဒ် အနက်

(၄) မုသာဝါဒါ၊ အကျိုးပျက်ကြောင်း၊ မကောင်းစကား၊ မုသားဆိုခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

### မုသာဝါဒ ဆုတောင်း

ဘန္တေ၊ ဘုရား။ ဣမနာသိက္ခာပဒ သမာဒါနေန၊ ဤမုသာဝါဒ သိက္ခာပုဒ်တော်မြတ်ကို ကောင်းစွာ ခံယူဆောက်တည်ရပါသော ကုသိုလ်စေတနာကြောင့်။ အနာဂတ ဘဝေသု၊ တို့၌။ အာယသ္မာ ကုမာရ ကဿပေါဝိယ၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကဲ့သို့။ စိတ္တကထံ၊ ဆန်းကြယ်နက်နဲသော စကားကို ပြောဆိုနိုင်သည်။ ဘဝါမိ၊ ဘုရား။

### သုရာမေရယ သိက္ခာပုဒ် အနက်

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ ရတနာသုံးပါး၊ ကုသိုလ်တရားတို့၌၊ မေ့လျော့ကြောင်းဖြစ်သော သေရည်အရက်ကို သောက်စားခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

### သုရာမေရယ ဆုတောင်း

ဘန္တေ၊ အရှင်ဘုရား။ ဣမိနာသိက္ခာပဒသမာဒါနေန၊

mgyoe.com

mgyoe.com



ဤသုရာမေရယ သိက္ခာပုဒ်တော်မြတ်ကို ကောင်းစွာ ခံယူ ဆောက်တည်ရပါသော ကုသိုလ်စေတနာကြောင့်။ အနာဂတ ဘဝေသု၊ တို့၌။ အယသ္မာသာရိပုတ္တထေရောဝိယ၊ အရှင် သာရိပုတ္တရာ မထေရ်မြတ်ကဲ့သို့။ မဟာပညော၊ ကြီးသော ပညာရှိသည်လည်းကောင်း။ အယသ္မာမောဂ္ဂလာနထေရော ဝိယ၊ အရှင်မောဂ္ဂလံ မထေရ်မြတ်ကဲ့သို့။ မဟိဒ္ဓိကော၊ ကြီးသော တန်ခိုးရှိသည်လည်းကောင်း။ ဘဝါမိ၊ ဘုရား။

**ဝိကာလဘောဇနာ သိက္ခာပုဒ် အနက်**

(၆) ဝိကာလဘောဇနာ၊ နေ့လွဲ ညစာကို စားခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

**ဝိကာလဘောဇန ဆုတောင်း**

ဘန္တေ၊ ဘုရား။ ဣမိနာသိက္ခာပဒသမာဒါနေန၊ ဤ ဝိကာလဘောဇန သိက္ခာပုဒ်တော်မြတ်ကို ကောင်းစွာ ခံယူ ဆောက်တည်ရပါသော ကုသိုလ်စေတနာကြောင့်။ အနာဂတ ဘဝေသု၊ တို့၌။ အယသ္မာပိလိန္ဒဝစ္ဆထေရောပိယ၊ အရှင်ပိလိန္ဒ ဝိစ္ဆမထေရ်ကဲ့သို့။ ဗဟုအန္နပါနော၊ များသော ဆွမ်း အဖျော် ရှိသည်။ ဘဝါမိ၊ ဘုရား။

mgyoe.com

mgyoe.com



## နစ္စ၊ ဂီတ သိက္ခာပုဒ် အနက်

(၇) နစ္စ၊ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ကခြင်း၊ သီခြင်း၊ တီး မှုတ်ခြင်းတို့ကို၊ ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း၊ နံ့သာမှုန့်တို့ဖြင့် နိမ့်ရာအရပ်ကို ပြည့်စေသဖြင့် တန်ဆာဆင်ခြင်း၊ နံ့သာပြောင်းတို့ဖြင့် အရေအဆင်းကို တတ်စွဲစေသဖြင့် အတင့်အတယ်ပြု ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

## နစ္စ၊ ဂီတ သိက္ခာပုဒ် ဆုတောင်း

ဘန္တေ၊ ဘုရား။ ဣမိနာသိက္ခာပဒသမာဒါနေန၊ ဤ နစ္စ၊ ဂီတ သိက္ခာပုဒ်ကို ကောင်းစွာ ခံယူဆောက်တည်ရပါသော ကုသိုလ် စေတနာကြောင့်။ အနာဂတဘဝေသု၊ တို့၌။ သက္က ရာဇာဝိယ၊ သိကြားမင်းကဲ့သို့။ မဟာပရိဝါရော၊ များသော အခြံအရံ အကျော်စောရှိသည်။ ဘဝါမိ၊ ဘုရား။

## ဥစ္စာသယန၊ မဟာသယန သိက္ခာပုဒ် အနက်

(၈) ဥစ္စာသယန၊ မဟာသယန၊ မြင့်သောနေရာ၊ မြတ် သောနေရာ၌ ထိုင်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

mgyoe.com

mgyoe.com



**ဥစ္စာသယန၊ မဟာသယန ဆုတောင်း**

ဘန္တေ၊ ဘုရား။ ဣမိနာသိက္ခာပဒသမာဒါနေန၊ ဤဥစ္စာသယန၊ မဟာသယန သိက္ခာပုဒ်ကို ကောင်းစွာ ခံယူဆောက်တည်ရပါသော ကုသိုလ်စေတနာကြောင့်။ အနာဂတဘဝေသု၊ တို့၌။ သောဏသေဋ္ဌိ ကုမာရောဝိယ၊ သောဏသူဌေးသားကဲ့သို့။ မုဒုပါဒတလော၊ နူးညံ့သိမ်မွေ့သောလက်ဖဝါး၊ ခြေဖဝါး အပြင်ရှိသည်။ ဘဝါမိ၊ ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြည့်စုံအောင် စောင့်ထိန်းပါမည် အရှင်ဘုရား။

ရှစ်ပါးသီလ ပါဌ်ေ အနက် ပြီး၏။

* * *

## ၅။ ရေကပ်၊ ဆွမ်းတော်ကပ်၊ ပန်းကပ်၊ ဆီမီးကပ်တို့ကို ပြခြင်း

**ရေကပ်**

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဩဃတော၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃတည်းဟူသော လေးပါးသော ဩဃတို့မှ။ ဥတ္တိဏ္ဏတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှာ။ ဗုဒ္ဓဿ၊ သစ္စာလေးပါး တရားအပေါင်းတို့ကို အကြွင်းမရှိ သိမြင်တော်မူသော ဘုရားသခင်

mgyoe.com

mgyoe.com



အား။ ဝလဥ္စောဒကေန၊ သုံးဆောင်တော်ရေဖြင့်။ ဒဒါမိ၊ ကပ်လှူပါ၏။ တေနပုညေန၊ ထိုကောင်းမှုကြောင့်။ အဂ္ဂမဂ္ဂ ဉာဏာဥဒကံ၊ အရဟတ္တမဂ်ဉာဏ်တည်းဟူသော ရေစင်ကို။ ပဋိဘုဥ္ဇာမိ၊ သုံးဆောင်ခံစားရပါလို၏။ ဘဝေဘဝေပိ၊ ဘဝတိုင်း ဘဝတိုင်း၌လည်း။ ဝိပဿနာ ဉာဏောဒကေန၊ ဝိပဿနာ ဉာဏ်တည်းဟူသော ရေစင်ဖြင့်။ ကိလေသမလေ၊ ကိုယ်တွင်းကိုယ်ပ၌ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတည်းဟူသော အညစ်အကြေးအပေါင်းတို့ကို။ ဓောဝေါမိ၊ ဆေးလျှော်သုတ်သင်ရပါလို၏ အရှင်ဘုရား။

ဆွမ်းကပ်

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋ ဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှာ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်အား။ ဘောဇနေဟိ၊ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသော ခဲဖွယ်ဆွမ်းဘောဇဉ်တို့ဖြင့်။ ဒဒါမိ၊ ကပ်လှူ ပါ၏။ တေနပုညေန၊ ထိုကောင်းမှုကြောင့်။ အမတံပါနံ၊ အမြိုက်နိဗ္ဗာန်တည်းဟူသော သုဓာဘုတ်ကို။ ပဋိဘုဥ္ဇာမိ၊ သုံးဆောင်ခံစားရပါလို၏။ ဘဝေဘဝေပိ၊ ဘဝတိုင်း ဘဝတိုင်း၌လည်း။ ခုပ္ပိပါသာဒီဟိ၊ မွတ်သိပ်ဆာလောင်ခြင်းတို့မှ။ မုတ္တော၊ ကင်းလွတ်သည်။

mgyoe.com

mgyoe.com



ဘဝါမိ၊ ဖြစ်ရပါလို၏ အရှင် ဘုရား။

## ပန်းကပ်

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဝဏ္ဏတော၊ အဖန်တလဲလဲ၊ ဆင်းရဲမြင့်ရှည်၊ ကျင်လည်တတ်သော ဝဋ်ဒုက္ခမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှာ။ အတုလဿ၊ သီလသမာဓိ အစရှိသော ဂုဏ်တို့ကြောင့် တစ်စုံတစ်ယောက်သောသူနှင့် တူတော်မမူသော မြတ်စွာဘုရားသခင်အား။ ပုပ္ဖေဟိ၊ ပန်းတို့ဖြင့်။ ပူဇေမိ၊ ပူဇော်ပါ၏။ တေနပုညေန၊ ထိုကောင်းမှုကြောင့်။ သီလာဒိအလင်္ကာရံ၊ သီလ၊ သမာဓိ မဂ်ပညာ၊ ဖိုလ်ပညာ စသော တရားတန်ဆာမြတ်ကို။ အလင်္ကရောမိ၊ ပန်ဆင်ရပါလို၏ အရှင်ဘုရား။

## ဆီမီးကပ်

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဩဃတော၊ သံသရာတည်းဟူသော ပင်လယ်ရေအလျဉ်မှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှာ။ လောကဇေဋ္ဌဿ၊ လူသုံးဦးတို့၏ အကြီးအမှူး ဖြစ်တော်မူသော ဘုရားသခင်အား။ ပဒီပေဟိ၊ ဆီမီးတို့ဖြင့်။ ပူဇေမိ၊ ပူဇော်ပါ၏။ တေနပုညေန၊ ထိုကောင်းမှုကြောင့်။ အဂ္ဂမဂ္ဂဉာဏပဒီပံ၊

mgyoe.com

mgyoe.com



အရဟတ္တမဂ်ဉာဏ်တည်းဟူသော ဆိမ်းအလင်းကို။ လဘာမိ၊ ရပါလို၏ အရှင်ဘုရား။

* * *

## ၆။ စေတီလေးမျိုး ဘုရားရှိခိုး

အစိန္တေယျ၊ အစိန္တေယျ၊ အရဟံအစ၊ ဘဂဝါအဆုံး ရှိသော၊ ကိုးပါးသော ဂုဏ်တော်၊ လေးဖော်သော အစိန္တေယျ၊ လေးဝသော ပဋိသမ္ဘိဒါ၊ လေးဖြာသော ဣဒ္ဓိပါဒ်၊ လေးရပ်သော ဝေသာရဇ္ဇဉာဏ်အထူး၊ ခြောက်ဦးသော အသာဓာရဏ ဉာဏ်၊ ခြောက်တန်သောရောင်ခြည်၊ ခြောက်လီသော ဘုန်းတော်၊ ခြောက်ဖော်သော အဘိညာဏ်၊ ရှစ်တန်သော သမာပတ်၊ ကိုးရပ်သော အနုပုဗ္ဗဝိဟာရ၊ ဆယ်ဝသော ကိုယ်တော်အား၊ ဆယ်ပါးသော ဉာဏဗလ စရဏ တစ်ဆယ့်ငါးပါး၊ တစ်ဆယ့် ရှစ်ပါးသော အာဝေဏိကဓမ္မ၊ တစ်ရာ့ရှစ်ကွက်သော စက် လက္ခဏာ၊ သုံးဆယ့်နှစ်ဖြာသော လက္ခဏာတော်ကြီး...

ငြိးငြိးရွှန်းကယ်၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ် အစု၊ တစ်ဆယ့်လေးခုသောဉာဏ်မြတ်၊ အရပ်ရပ်သောကျေးဇူး၊ အထူးထူးသော တန်ခိုး၊ အမျိုးမျိုးသောဉာဏ်၊ အတန်တန် သောကျက်သရေ၊ အထွေထွေသော မင်္ဂလာ၊ အဖြာဖြာသော ဘုန်းတို့ ဖြင့်၊ နှိုင်းနှုန်းရာမမြင်၊ သာကီဝင်အနွယ်၊ ဘုန်းကြွယ်

mgyoe.com

mgyoe.com



ဥက္ကင်္ဂ၊ နတ်မင်းအပေါင်းတို့၏ ကျက်သရေမင်္ဂလာ၊ ဗြဟ္မာမင်းအပေါင်းတို့၏ ရွှေကုံးသရဖူ၊ လူမင်းအပေါင်းတို့၏ ပတ္တမြားသကြီစ်၊ ဓမ္မရာဇ်ဘွဲ့ခံ၊ နိဗ္ဗာန်ရွှေပြည်ကြီးဘုရင်၊ သုံးခွင်သောလောကဓာတ်သားတို့၏ အဓိပတိ၊ လောကိ နဝရတ်၊ အမြတ်အထွတ်၊ အခေါင်အဖျား ဖြစ်တော်မူပေသော၊ အစိန္တေယျ၊ သဗ္ဗညုမြတ်စွာဘုရားကို လည်းကောင်း...

မြတ်စွာဘုရား၊ ကြွသွားနိဗ္ဗာန်၊ စံယူတော်မူသည့်နောက်၊ တောက်ပစင်ကြယ်သော၊ စွယ်တော်၊ သွားတော်၊ ဆံတော်အထူး၊ နဖူးသင်းကျပ်၊ ညှပ်ရိုးတော်၊ အစုံ၊ ဥဏ္ဏာလုံမွေးရှင်၊ ရွှေစင်တကွဲ၊ ပလဲတခြား၊ ပတ္တမြားပြင်တသွယ်၊ ဖဲငှစလယ်အခြင့်ရှိသော မွေတော်ဓာတ်မြတ်၊ အရိုးအသားတော်နှင့် စပ်သမျှ ဓာတုစေတီ...

ပွင့်တော်မူရာ၊ မဟာဗောဓိပင်၊ ရွှေပလ္လင်တော်နှင့်တကွ၊ စံတော်မူသော ကျောင်းတော်အလုံး၊ အစဉ်သုံးတော်မူသော သပိတ်၊ သင်္ကန်း၊ ခါးပန်း၊ သင်းပိုင်၊ ကရိုဏ်၊ ရေသနုပ်၊ ဒုကုဋ်အမြဲ၊ လက်စွဲတော် တောင်ဝှေးမှစ၍၊ အသုံးအဆောင်တော်နှင့် စပ်သမျှ ပရိဘောဂစေတီ...

ကိုယ်တော်မြတ်၏အစား၊ ရုပ်ပွားရုပ်တု၊ ဆင်းတုတော်ကိန်းဝပ်ရန်၊ ပုထိုးစည်းခုံ၊ ရွှေဘုံတန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဥမင်၊ ပလ္လင်၊ တရုပ်၊ ပြာသာဒ်၊ လိုဏ်နန်းမှစ၍ ဥဒ္ဒိဿစေတီ...

ပဋိစ္စ သမုပ္ပါဒ်၊ ပိဋကတ်သုံးဖြာ၊ ပါဠိ၊ အဋ္ဌကထာ၊

mgyoe.com

mgyoe.com

မြတ်စွာဘုရား၏ အလိုတော်နှင့်၊ သင့်လျော်သမျှ၊ ဂန္ထန္တရ အပေါင်းဟု ဆိုအပ်သော ဓမ္မစေတီ...

ဤစေတီတော် လေးပါးတို့ကိုလည်းကောင်း၊ ဦးခေါင်း ညွှတ်ကာ၊ ဘယာ၊ လာဘ၊ ကုလာစာရ၊ အာစရိယ စသော အညစ်အကြေးတို့မှ၊ ကင်းဝေးကွာလွတ်စေ၍၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပရိမာဏဖြစ်သော၊ ကျေးဇူး တော်စစ်၊ ဂုဏ်တော်နှစ်ကိုသာ၊ ကောင်းစွာ နှလုံးထား၍၊ သုံးပါးသော ပဏာမ၊ ပဉ္စပတိဋ္ဌိတ အင်္ဂါတို့ဖြင့်၊ လက်စုံ မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင် ဘုရား။

* * *

## ၇။ သတ္တဋ္ဌာန ဘုရားရှိခိုး

၁။ ပဌမံ ဗောဓိပလ္လင်္ကံ၊

၂။ ဒုတိယဉ္စ အနိမ္မိသံ။

၃။ တတိယံ စင်္ကမံ သေဋ္ဌံ၊

၄။ စတုတ္ထံ ရတနာဃရံ။ ။

၅။ ပဉ္စမံ အဇပါလဉ္စ၊

၆။ ဆဋ္ဌဉ္စ မုစလိန္ဒကံ။

၇။ သတ္တမံ ရာဇာယတနံ၊

သတ္တဋ္ဌာန မဟံ နမေ။ ။

mgyoe.com

mgyoe.com



၁။ သေဋ္ဌ၊ ချီးမွမ်းအပ်သူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါတို့၏၊ ပညာတန်ခိုး၊ အမျိုးအဆင်း၊ ကောင်းခြင်းလက္ခဏာ၊ အရာရာကို၊ သာလွန်ထူးမြတ်၊ ချီးမွမ်းအပ်တော်မူသော မြတ်စွာဘုရားသည်။ ပဌမံ၊ ရှေးဦးစွာ။ ဗောဓိပလ္လင်္ကံ၊ မောဟတဏှာ၊ အဝိဇ္ဇာကို၊ ပညာသံလျက်၊ အာသဝက်ဖြင့်၊ ပယ်ဖျက်ခုတ်ထွင်၊ အောင်မြင်တော်မူရာ၊ တရာသံတောင်၊ အမြင့် ဆောင်သည့်၊ ရွှေညောင်သီရိ၊ ပင်ဗောဓိ၏၊ ဘုမ္မိဌသန်၊ ရှေ့မြောက်ယံတွင်၊ တစ်လံခြားကွာ၊ အရပ် သာဌ်၊ ရတနာစုံ၊ ခြုံးအုံခြုံးနွယ်၊ လွန်ဆန်းကြယ်သား၊ တစ်ဆယ်လေးတောင်၊ အရောင်ခြောက်ဖြာ၊ အပ္ပရာဇိတော၊ ငါးမာရ်ရှုံးလျက်၊ ပလ္လင်ထက်ဝယ်၊ ခုနစ်ရက်ပေ၊ ငြိမ်သက်ဣန္ဒြေ၊ ရောင်ခြည်ထွေဖြင့်၊ နေတော်မူရာ၊ အရပ်သာကိုလည်းကောင်း။

၂။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သောအခါဌ်။ အနိမိသံ၊ ဗောဓိပင်မြောက်၊ အံ့လောက်ထင်ရှား၊ ဆယ်လံခြားတွင်၊ ဖဝါးခြေစုံ၊ ရပ်ပြီးတုံမှ၊ အာရုံမလပ်၊ မခတ်မျက်တောင်၊ ရက်လည်အောင်လျှင်၊ ဘုန်းခေါင်လူ့ထိပ်၊ ငါးမာရ်နှိပ်သည်၊ မမှိတ်သောမျက်စိ၊ ပကတိဖြင့်၊ ရှုကြည့်တော်မူရာ၊ အရပ်သာကို လည်းကောင်း။

၃။ တတိယံ၊ သုံးကြိမ်မြောက်သောအခါဌ်။ စင်္ကမံ၊

mgyoe.com

mgyoe.com



ရွှက်ရင့်ရွှေရောင်၊ တပြောင်ပြောင်တည့်၊ ညောင်ဗောဓိ
နှင့်၊ အနိမိသအကြား၊ ရှေ့နောက်လျားဍ်၊ သွားမြဲ
အမှန်၊ နှစ်လံကွာတွင်၊ ရတနာစင်္ကြံ၊ ပျော်စံတုံလျက်၊
ခုနစ်ရက်ပေ၊ ငြိမ်သက်က္လန္ဒေ၊ ရောင်ခြောက်ထွေဖြင့်၊
နေတော်မူရာ၊ အရပ်သာကိုလည်းကောင်း။

၄။ စတုတ္ထံ၊ လေးကြိမ်မြောက်သောအခါ၌။ ရတနာဃရ၊
ဗောဓိအောင်ခန်း၊ ရွှေညောင်နန်းနှင့်၊ တန်းတန်း
မဖြောင့်၊ နောက်မြောက်ထောင့်ဝယ်၊ ဘုန်းကြောင့်
ဖြစ်ပြန်၊ ဆယ့်ငါးလံတွင်၊ ရောင်လျှံသွယ်ဖြာ၊ ရတနာ
ခုနစ်ပါး၊ နတ်များဖန်ဆင်း၊ ရွှေအိမ်တွင်း၌၊ သနင်း
မြတ်စွာ၊ ဘိဓမ္မာကို၊ ရက်ကြာသတ္တာ၊ မန စိတ်သန်၊
အကြံဖျော်ဖျော်၊ ဆင်ခြင်တော်မူရာ၊ နာမည် ထူးဆန်း၊
ရွှေအိမ်နန်းကိုလည်းကောင်း။

၅။ ပဥ္စမံ၊ ငါးကြိမ်မြောက်သောအခါ၌။ အဇပါလဥ္စ၊
သုံးဆယ့်နှစ်လံ၊ သချာမှန်သည့်၊ ရှေ့ရန်မစောင်း၊
ညောင်ဆိတ်ကျောင်းဝယ်၊ နေညောင်းတင့်တယ်၊
စံပယ်တုံလျက်၊ ခုနစ်ရက်ပေ၊ ငြိမ်သက်က္လန္ဒေ၊
ရောင်ခြောက်ထွေဖြင့်၊ နေတော်မူရာ၊ အရပ်သာကို
လည်းကောင်း။

၆။ ဆဋ္ဌမံ၊ ခြောက်ကြိမ်မြောက်သောအခါ၌။ မုစလိန္ဒကံ၊
နီလာပတ္တမြား၊ ငါးပါးအရောင်၊ ရှုတိုင်းပြောင်သည့်၊

mgyoe.com

mgyoe.com

ညောင်ဗောဓိရှေ့၊ တောင်ရပ်ကွေ့မှန်၊ ဆယ့်ငါးလံတွင်၊
ပြင်းထန်မောက်ဖြိုး၊ ရွာသည့်မိုးကို၊ တန်ခိုးထန်ပြင်း၊
နဂါးမင်းသည်၊ ဆီနှင်းပေါက်မျှ၊ မကျစေဌာ၊ ပါးပျဉ်း
ကာလျက်၊ ချမ်းမြေ့ရိပ်မြုံ၊ ပျော်ပိုက်လှုံသည့်၊ မုစလိန္ဒာ၊
ရွှေကြာနံ့လှိုင်၊ ပန်းစုံအိုင်ကိုလည်းကောင်း။
၇။ သတမံ၊ ခုနစ်ကြိမ်မြောက်သောအခါ၌။ ရာဇာယတန်၊
ငါးမာန်နှိပ်နင်း၊ မြေဦးကင်းဝယ်၊ ပွင့်လင်းသီရိ၊
ဝင်းဝင်းညှိသည့်၊ ဗောဓိတောင်ခွင်၊ မြသွင်စိန်းလဲ့၊
သချာဖွဲ့သော်၊ တစ်ဆယ့်လေးလံ၊ ထိုရပ်ဌာန်တွင်၊
ဘုန်းလျှံမြူးထွေ၊ ကိုယ်ထဲနေ၍၊ ရက်လည်စေ့သော်၊
နတ်ကျော်သိကြား၊ လှူပြောင်းလာမြောက်၊ ပဲနောက်
အဆင်း၊ ရောင်ချင်းဖိတ်ဖိတ်၊ သပိတ်လေးလုံး၊ တန်ခိုး
ဘုန်းကြောင့်၊ တစ်လုံးတည်းဖြစ်၊ နားလေးရစ်နှင့်၊
ဖြစ်တုံပြီးမှ၊ ဘလ္လိကညီနောင်၊ လှူဆောင် ကမ်းလှမ်း၊
ပျားမုန့်ဆွမ်းကို၊ ရမ်းရမ်းလွေးလွေး၊ ဘုဉ်းပေးပြီးခါ၊
မြတ်စွာသုံးလူ့၊ သဗ္ဗညုသည်၊ လေးခုက္ကန္ဓိပါဒ်၊ တန်ခိုး
လျှပ်၍၊ နတ်သတ္တဝါလူ့၊ အစုစုကို၊ ကြည့်ရှုကြံငေါ်၊
ဆင်ခြင်တော်မူရာ၊ ရပ်ခမ်းဝါကိုလည်းကောင်း။

ဣတိ၊ ဤသို့။ သတ္တဌာန်၊ ဌာနထူးလည်၊ ခုနစ်
မည်ဖြင့်၊ မှတ်ရည်ခန့်တွက်၊ ခုနစ်ရက်ကို၊ ဆထက်ပွားတိုး၊
mgyoe.com

mgyoe.com



လေးဆယ်ကိုးလျှင်၊ တန်ခိုးပြင်းထန်၊ ပျော်ရာမှန်သား၊ အရပ်များကို။ အဟံ၊ ဘုရားတပည့်တော်သည်။ နမေ–နမာမိ၊ ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။

* * *

## ၈။ အနန္တငါးပါး ဘုရားရှိခိုး

(၁) ဗုဒ္ဓဂုဏော၊ အနန္တောဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွှေဖောင်မဂ္ဂင်၊ သဘော်ယာဉ်နှင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည်၊ နတ်လူတို့ ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ အနန္တ ဂုဏ်အင်၊ ကျေးဇူးရှင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ရှိခိုးပါ၏။

(၂) ဓမ္မဂုဏော၊ အနန္တောဟု၊ တည်သောကမ္ဘာ၊ သတ္တဝါလူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော၊ ကိလေတောမှ၊ ဆေးကြောသုတ်သင်၊ မြူမတင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားမြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ရှိခိုးပါ၏။

(၃) သံဃဂုဏော၊ အနန္တောဟု၊ လောဘဒေါသ၊ မောဟ

mgyoe.com

mgyoe.com



ကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်တို့၊ ဂုဏ်တော်ကြီးစွ၊ အနန္တကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ရှိခိုးပါ၏။

(၄) မာတာပိတုဂုဏော၊ အနန္တောဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပိတာ၊ မိနှင့်ဘတို့၊ ရေကြည်ကလလ၊ တည်ဦးစပင်၊ ချို့ချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာနှင့်၊ အစာဆိမ့်ဇ၊ နို့ချိုပေး၍၊ ကျွေးသည့်မိခင်၊ မွေးဘရှင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ရှိခိုး ပါ၏။

(၅) အာစရိယဂုဏော၊ အနန္တောဟု၊ မိန့်ဟောအရ၊ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာဖြာကို၊ ခေမာဘုမ္မိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပြညွှန်၊ သွန်သင်ပေတတ်၊ ဆရာမြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ၊

mgyoe.com

mgyoe.com



ရှိခိုးပါ၏။

* * *

## ၉။ အခါတော် ခုနစ်ပါး ဘုရားရှိခိုး

၁။ ဩက္ကန္တော ဂုရုဝါရသ္မိံ၊

၂။ သုက္ကဝါရေ ဝိဇာယတိ။

၃။ နိက္ခန္တော စန္ဒဝါရသ္မိံ၊

၄။ သမ္ဗုဒ္ဓေါ ဗုဓဝါရကေ။ ။

၅။ သောရီဝါရေ ဓမ္မစက္ကံ၊

၆။ အင်္ဂဝါရေတု နိဗ္ဗုတော။

၇။ သူရေ တေဇော ဣမေ သတ္တ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။ ။

(၁) ဂုရုဝါရသ္မိံ၊ ခြောက်ခုနှစ်ခု၊ ဥတုဂိမှ၊ ဝါဆိုလပြေ့ (ပြည့်)၊ ထိုသည့်နေ့မှာ၊ ဥတ္တရာသဠ်၊ နက္ခတ်မှန်နှင့်၊ ယှဉ်ဟန်ညီမျှ၊ ကြာသပတေးနေ့ သန်းခေါင်ယံကာလ၌။ ဩက္ကန္တော၊ ကြည်သာတင့်ဆန်း၊ မယ်တော်ဝမ်း၌၊ ရှင်လန်းသန္ဓေ၊ တည်နေတော်မူ၏။

(၂) သုက္ကဝါရေ၊ ခြောက်ဆယ်ရှစ်ခု၊ ဥတုဂိမှ၊ ကဆုန်လပြေ့ (ပြည့်)၊ သောကြာနေ့နံနက်၊ တစ်ချက် တီးချိန်၊

mgyoe.com

mgyoe.com



သိဟ်လက်–ဗြိစ္ဆာစန်း၊ ဝိသာခါနက္ခတ်နှင့် ယှဉ်မှန်းလျက်။ ဝိဇာယတိ၊ ဆယ်လစေ့သော်၊ မြတ်မယ်တော်ဝမ်း၊ ကြာတိုက်ခန်းမှ၊ ငြိမ်းချမ်းသာယာ၊ ရောဂါကင်းဝေး၊ ဂုဏ်ရောင်ဖွေးလျက်၊ ရန်ဘေးစင်ဖြူ၊ ဖွားမြင်တော်မူ၏။

(၃) စန္ဒြဝါရသို၊ ကိုးဆယ်ခုနစ်ခု၊ ဥတုဂိမှ၊ ဝါဆိုလပြေ့ (ပြည့်)၊ တနင်္လာနေ့ဝယ်၊ ပျော်မွေ့ဖွယ်ရောင်၊ ညဥ့်သန်းခေါင်၌၊ လရောင်ထွန်းဖြာ၊ ထိုအခါတွင်၊ ဥတ္တရာသဠ်၊ နက္ခတ်မှန်နှင့်၊ ယှဉ်ဟန်မပျက်၊ ထိုသည့်ရက်၌။ နိက္ခန္တော၊ မြင်းတော်ကဏ္ဍကာ၊ ကျွန်ဆန္နနှင့်၊ ယာမသန်းခေါင်၊ ကာမဘောင်မှ၊ ခွာရှောင်စွန့်လျက်၊ နော်မာဘက်သို့၊ တောထွက်တော်မူ၏။

(၄) ဗုဓဝါရကေ၊ တစ်ရာ့သုံးခု၊ ဥတုဂိမှေ၊ နွေခါကာလ၊ ကဆုန်လပြေ့ (ပြည့်)၊ နေ့ဗုဒ္ဓဟူး၊ မြင်ထူးသာယာ၊ ထိုစဉ်ခါက၊ ဝိသာခါစုံ၊ နက္ခတ်ကြုံလျက်၊ နေအရုဏ်တက်၊ တစ်ပြိုင်နက်၌၊ သမ္ဗုဒ္ဓေါ၊ ရှေးရှေးလူ့ဆွေ၊ ကဲ့သို့ပေလျှင်၊ သဗ္ဗေဓမ္မာ၊ များစွာဥသုံ၊ အလုံးစုံကို၊ အကုန်သိမြင်၊ ဘုံသုံးခွင်၌၊ ဂုဏ်အင်ကြီးမား၊ ကျော်ထင်ရှားလျက်၊ ဘုရားဖြစ်တော်မူ၏။

(၅) သောရိဝါရေ၊ တစ်ရာ့သုံးခု၊ ဥတုဂိမှ၊ ဝါဆိုလခါ၊ ဥတ္တရာဟု၊ ယှဉ်ရာနက္ခတ်၊ မပြတ်ကြုံတွေ့၊ စနေ

mgyoe.com

mgyoe.com



နေ့ဦး၊ ဓမ္မစက္ကံ၊ မြင်းမိုရ်တောင်လုံး၊ ပန်းကုံးရတနာ၊ နတ်တန်ဆာဖြင့်၊ ဗြဟ္မာသဟန်၊ ခွင့်တောင်းပန်၍၊ အမှန်ရလာ၊ ကြောင်းခြင်းရာကြောင့်၊ မိဂဒါဝုန်၊ ရဂုံမြိုင်နက်၊ ပဥ္စဝဂ်အား၊ ဓမ္မစကြာ၊ တရားသာကို၊ မြတ်စွာဘုန်းလူ၊ ဟောတော်မူ၏။

(၆) အင်္ဂါဝါရေတု၊ တစ်ရာ့ရှစ်ဆယ်၊ စွန်းဝယ်ရှစ်နှစ်၊ သက္ကရာဇ်လာ၊ ထိုသည့်ခါတွင်၊ ဝိသာခါကြံ့၊ နက္ခတ်ဆုံ၍၊ ကဆုန်လပြေ့ (ပြည့်)၊ ထိုသည့် နေ့ဝယ်၊ ပျော်မွေ့မကြုံ၊ နှလုံးတုန်မျှ၊ အရဏ်တက်နီး၊ လင်အားကြီးတွေ့၊ အင်္ဂါနေ့ဦးမူကား။ နိဗ္ဗူတော၊ နှစ်ဆယ်လွန်လေ၊ လေးသချေနှင့်၊ ကုဋေခြောက်ဆယ်၊ ဗိုလ်ဝယ်တစ်သိန်း၊ တွက်ကိန်းများစွာ၊ ဝေနေယျာကို၊ ပြည်သာနိဗ္ဗာန်၊ ရောက်စိတ်သန်လျက်၊ ဆန်တက်ခပ်လျော်၊ ပို့ပြီးသော်မှ၊ သက်တော်ရှစ်ဆယ်၊ ဝါတော်လေးဆယ့်ငါး၊ တည်စံစား၍၊ ဘုရားမြတ်မွန်၊ မြို့သိဝံသို့၊ စံလွန် တော်မူရ ရှာပေ၏။

(၇) သူရေ၊ တနင်္ဂနွေနေ့ဦး။ တေဇော၊ အလောင်းတော်ကို၊ လူဇော်လူနတ်၊ ဗြဟ္မာရပ်နှင့်၊ ထူးမြတ်မလ္လာ၊ မင်းရာဇာတို့၊ လောင်စာသွင်းဖို့၊ လောင်စိမ့်ရှို့လည်း၊ လောင်ဖို့ဝေးသော၊ ပြုတိုင်းမောတည့်၊ အံ့သြကြည်ညို၊ အလိုလိုလျက်၊ တေဇောထွက်၍၊ ပျက်ပျက်ရောင်

mgyoe.com

mgyoe.com



လွှမ်း၊ လောင်ကျွမ်းတော်မူ၏။

ဣတိ၊ ဤသို့။ ဣမေသတ္တဝါရေ၊ ဤခုနစ်ပါးသော နေ့ကောင်းရက်သာ၊ မဟာဝါရနှင့်။ သမ္ဗန္ဓဂုဏ၊ ဂုဏ်ထူး ဝိသေ၊ ပြည့်စုံတော်မူပေသော။ တံဗုဒ္ဓံ၊ ထိုရွှေဘုန်းတော်ရှင်၊ ဘုရားရှင်ကို။ အဟံ၊ ခန္ဓာငါး၀၊ ကောဠာသလာ၊ ဓာတ်လေးဖြာကို အတ္တခေါ်ဝေါ်၊ တပည့်တော်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ သဒ္ဓါဟုန်ဖြိုး၊ လက်စုံမိုး၍၊ ရှိခိုးလိုက် ပါ၏ မြတ်စွာဘုရား။

* * *

## ၁၀။ မဟာဝင်ဘုရားရှိခိုးနှင့် ဆုတောင်း

ဇဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓ ဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတု အစိန္တိယော။ ။

ဇဝံ–ဣမေဟိ ပကာရေဟိ၊ ဤသို့ မဟာဗောဓိ၊ သီရိဇေယျ၊ မြေအခုံ၌၊ ဝန်းခြံရုံလည်၊ မာရ်စစ်သည်ကို၊ နံ့လည်ပယ်သင်၊ ဘုန်းတော်နှင်၍၊ အောင်မြင်တော်မူနိုင်ခြင်း။

ရေ၊ မီးအစုံ၊ မြေကြီးတုန်မျှ၊ ရောင်ဟုံစိုက်ဖြာ၊ ယမိုက်ဟာကို၊ လေးဌာနတွင်၊ ထင်စွာပြတော်မူခြင်း။

mgyoe.com

mgyoe.com



မြယုဂန်တောင်မြင့်မိုရ်မှ၊ လိုတော်ရှိရာ၊ စက်အောက်မှာလျှင်၊ ညွတ်ကာခံရောက်ရခြင်း။

ကိုယ်တိုင်တော်အလား၊ အပွားသောင်းထောင်၊ မကအောင်လျှင်၊ ဖန်ဆောင် စီမံတော်မူနိုင်ခြင်း။

ကိုယ်တော်မှီမိ၊ သက်မရှိသည့်၊ ဗောဓိပင်လျက်၊ အထက်အဇမ္ဗြာ၊ အာကာတိမ်ဖွေ၊ တက်လေပြီးခါ၊ ရေမီးပါကို၊ ထင်စွာလွှတ်လျက်၊ မြေသို့သက်၍၊ ပြကတော့တည်လာခြင်း။

ဝိညာဉ်မပါ၊ ဓာတ်တော်သာဖြစ်လျက်၊ ခန္ဓာတည်ငြား၊ မြတ်ဘုရားကဲ့သို့၊ ခြောက်ပါးသောရောင်ခြည်ကိုလွှတ်၍၊ ယမိုက်ပြာဋိဟာကို၊ ပြခြင်း အစရှိသော အသီးအသီး၊ အံ့ဖွယ်ချီးလည်း၊ အပြီးမတိုင်၊ မကုန်နိုင်ရာ၊ မဟာအစ္ဆရိယ၊ အဗ္ဘုတအပြားတို့ဖြင့်။ ဗုဒ္ဓါ၊ ဘုရားသခင်၊ ဖြစ်အင်ကြောင်းချာ၊ အရာရာတို့ကို။ အစိန္တိယာ၊ မကြံစည် အပ်ကုန်။ (ဝါ) ကြံစည်ခြင်းငှာမတတ်လေကုန်။

ဗုဒ္ဓဓမ္မာ၊ ဘုရားရှင်တို့ အစဉ် ပြည့်စုံမြဖြစ်သော တန်ခိုးဣဒ္ဓိပါဒ်တော် ကျေးဇူးတော်တို့ကိုလည်း။ အစိန္တိယာ၊ ကြံစည်ခြင်းငှာ မထိုက်ပါကုန်။ အစိန္တိယေ၊ မကြံစည်နိုင်၊ ကြီးခိုင်လွန်ကျူး၊ ဂုဏ်တော်ထူး၌။ ပသန္နာနံ၊ ကြည်ညိုကုန်သော အကျွန်ုပ်တို့အား။ အစိန္တိယော၊ မကြံစည်နိုင်သော။ ဝိပါကော၊ အကျိုးသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

* * *

mgyoe.com

mgyoe.com



## ၁၁။ ဘုရားဂုဏ်တော် ကိုးပါး

| | |
|---|---|
| (၁) ဣတိပိသော ဘဂဝါ အရဟံ။ | လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ခြင်း။ |
| (၂) ဣတိပိသော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ။ | မဖော်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥ ယျခံတရား ငါးပါးကို သိတော်မူခြင်း။ |
| (၃) ဣတိပိသော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော။ | ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူခြင်း။ |
| (၄) ဣတိပိသော ဘဂဝါ သုဂတော။ | ကောင်းသော နိဗ္ဗာန်သို့ ကြွတော်မူခြင်း။ |
| (၅) ဣတိပိသော ဘဂဝါ လောကဝိဒူ။ | လောက သုံးပါးကို သိတော်မူခြင်း။ |
| (၆) ဣတိပိသော ဘဂဝါ အနုတ္တရော ပုရိသဒမ္မသာရထိ။ | သီလ၊ သမာဓိ စသော ဂုဏ်တို့ဖြင့် အတုမရှိ မြတ်တော်မူ၍ မယဉ်ကျေးသော လူနတ်တိရစ္ဆာန် ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူခြင်း။ |

mgyoe.com

mgyoe.com



(၇) ဣတိပိသော ဘဂဝါ သတ္ထာဒေဝမနုဿာနံ။ — နတ်လူတို့၏ ဆရာဖြစ်တော်မူခြင်း။

(၈) ဣတိပိသော ဘဂဝါ ဗုဒ္ဓေါ။ — သစ္စာလေးပါး တရားတို့ကို သိတော်မူခြင်း။

(၉) ဣတိပိသော ဘဂဝါ ဘဂဝါ။ — ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူခြင်း။

* * *

## ၁၂။ တရားဂုဏ်တော် ခြောက်ပါး

(၁) သွာက္ခာတော ဘဂဝတာ ဓမ္မော။ — မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောအပ်တော်မူခြင်း။

(၂) သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော။ — မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော တရားတော်ကို ကိုယ်တိုင် မျက်မှောက် ကောင်းစွာ မြင်အပ်ခြင်း။

(၃) သွာက္ခာတော ဘဂဝတာ — မြတ်စွာဘုရားသည် ကောင်း

mgyoe.com

mgyoe.com



| | |
|---|---|
| ဓမ္မော အကာလိကော။ | စွာ ဟောတော်မူအပ်သော တရားတော်သည် အခါ မလင့် အကျိုးပေးခြင်း။ |
| (၄) သွက္ခာတော ဘဂဝတာ ဓမ္မော ဧဟိပဿိကော။ | မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော တရားတော်သည် လာလှည့် ရှုလှည့်ဟူသော အစီရင်ကို ခံခြင်းငှာ ထိုက်တော်မူခြင်း။ |
| (၅) သွက္ခာတော ဘဂဝတာ ဓမ္မော ဩပနေယျိကော။ | မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော တရားတော်သည် မိမိစိတ်၌ ကပ်၍ဆောင်ခြင်းငှာ ထိုက်တော်မူခြင်း။ |
| (၆) သွက္ခာတော ဘဂဝတာ ဓမ္မော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။ | မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော တရားတော်ကို ပညာရှိတို့သည်အသီးသီး မိမိတို့ ဉာဏ်ဖြင့် သိခြင်း။ |

* * *

mgyoe.com

mgyoe.com



## ၁၃။ သံဃာဂုဏ်တော် ကိုးပါး

(၁) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ — မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူခြင်း။

(၂) ဥဇုပဋိပန္နော ဘဂဝတော သာဝကသံဃော။ — မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်စွာ ကျင့်တော်မူခြင်း။

(၃) ဉာယပဋိပန္နော ဘဂဝတော သာဝကသံဃော။ — မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူခြင်း။

(၄) သာမိစိပဋိပန္နော ဘဂဝတော သာဝကသံဃော။ — မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ရိုသေခြင်းငှာ ကျင့်တော်မူခြင်း။

(၅) ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော။ — မြတ်စွာဘုရား၏ ထိုတပည့်သား သံဃာတော်သည် ဝေးသော အရပ်မှ ဆောင်ယူလာသော ပစ္စည်းလေးပါးတို့ကို အလှူခံခြင်းငှာ ထိုက်တော်မူခြင်း။

(၆) ဧသ ဘဂဝတော — မြတ်စွာဘုရား၏ ထို တပည့်

mgyoe.com

mgyoe.com



| | |
|---|---|
| သာဝကသံဃော | သား သံဃာတော်သည် အရပ် |
| ပါဟုနေယျော။ | လေးမျက်နှာမှရောက်လာ |
| | ပေါင်းစု အာဂန္တု တို့အား ရည်၍ |
| | ထားအပ်သော ပစ္စည်းလေးပါး |
| | ကို ခံတော်မူထိုက်ခြင်း။ |
| (၇) ဧသ ဘဂဝတော | မြတ်စွာဘုရား၏ ထိုတပည့်သား |
| သာဝကသံဃော | သံဃာတော်သည် လောကီ |
| ဒက္ခိဏေယျော။ | လောကုတ္တရာ အကျိုးစီးပွားကို |
| | ယုံကြည်၍ လှူအပ်သော မြတ် |
| | သောအလှူကို ခံတော်မူထိုက်ခြင်း။ |
| (၈) ဧသ ဘဂဝတော | မြတ်စွာဘုရား၏ ထို တပည့် |
| သာဝကသံဃော | သား သံ ဃာ တော် သည် |
| အဉ္ဇလိကရဏီယော။ | လူနတ် ဗြဟ္မာ သတ္တဝါတို့၏ |
| | ရှိခိုးခြင်းကို ခံတော်မူထိုက်ခြင်း။ |
| (၉) ဧသ ဘဂဝတော | မြတ်စွာဘုရား၏ ထို တပည့် |
| သာဝကသံဃော | သား သံဃာတော်သည် လူသုံး |
| အနုတ္တရံ ပုညခေတ္တံ | ပါးတို့၏ အတုမရှိ မြတ်သော |
| လောကဿ။ | ကောင်းမှုတည်းဟူသော မျိုးစေ့ |
| | ၏ စိုက်ပျိုးရာ လယ်ယာ မြေ |
| | ကောင်းသဖွယ် ဖြစ်တော်မူခြင်း။ |

❖

mgyoe.com

mgyoe.com

## သုံးပါးစု တရားတော်များ

### ၁၄။ ကပ် သုံးပါး

(၁) သတ္ထန္တရကပ်။ ဓား လက်နက်တို့ဖြင့် များစွာ ထိခိုက်၍ သေခြင်း။

(၂) ရောဂန္တရကပ်။ အနာ ရောဂါတို့ဖြင့် များစွာ ကပ်ရောက်၍ သေခြင်း။

(၃) ဒုဗ္ဘိက္ခန္တရကပ်။ အစာခေါင်းပါး ငတ်မွတ်ခြင်း ကြောင့် များစွာ သေကျေ ခြင်း။

* * *

### ၁၅။ စရိယ သုံးပါး

(၁) လောကတ္ထစရိယ။ လူများ၏အကျိုးငှာ ကျင့်ခြင်း။

mgyoe.com

mgyoe.com



(၂) ဉာတတ္ထစရိယ။ ဆွေတော် မျိုးတော်တို့၏ အကျိုးငှာ ကျင့်တော်မူခြင်း။

(၃) ဗုဒ္ဓတ္ထစရိယ။ ဘုရား ဖြစ်အံ့သောငှာ ကျင့်ခြင်း။

* * *

## ၁၆။ ဝိဇ္ဇာ သုံးပါး

(၁) ပုဗ္ဗေနိဝါသာနုဿတိ။ ရှေ့ဘဝ၌ ဖြစ်ပျက်ဖူးသည်ကို အောက်မေ့နိုင်သောဉာဏ်။

(၂) ဒိဗ္ဗစက္ခု။ နတ် မျက်စိကဲ့သို့ မြင်သောဉာဏ်။

(၃) အာသဝက္ခယ။ ကိလေသာတို့ကို ကုန်ခန်းစေတတ်သော အရဟတ္တမဂ်ဉာဏ်။

* * *

## ၁၇။ လောက သုံးပါး

(၁) သတ္တလောက။ နတ် လူ စသော သတ္တဝါ အပေါင်း။

mgyoe.com

mgyoe.com



(၂) သင်္ခါရလောက။ စိတ်၊ စေတသိက်၊ ရုပ်ဟု ဆို အပ်သော တရားအပေါင်း။

(၃) ဩကာသလောက။ တော၊ တောင်၊ ရေ၊ မြေ စသော သတ္တဝါများနေရာ။

* * *

## ၁၈။ သားအပြား သုံးပါး

(၁) အတိဇာတ။ မိဘတို့ထက် အကျင့်မြတ်သော သား။

(၂) အနုဇာတ။ မိဘတို့နှင့် အတူအမျှ အကျင့်ရှိသော သား။

(၃) အဝဇာတ။ မိဘတို့အောက် အကျင့်ယုတ်သော သား။

* * *

## ၁၉။ ခေတ် သုံးပါး

(၁) ဇာတိခေတ်။ တစ်သောင်းသော လောကဓာတ်။

(၂) အာဏာခေတ်။ ကုဋေတစ်သိန်းသော စကြ

mgyoe.com

mgyoe.com



| | |
|---|---|
| | ဝဋ္ဋာတိုက်။ |
| (၃) ဝိသယခေတ်။ | အတိုင်းအရှည်မရှိ မရေတွက်နိုင်သော စကြဝဋ္ဋာတိုက်။ |

* * *

## ၂၀။ ကာယဒုစရိုက် သုံးပါးနှင့် ၎င်းတို့၏ အင်္ဂါပယောဂ အပြား

| | |
|---|---|
| (၁) ပါဏာတိပါတ။ | သူ၏ အသက်ကိုသတ်ခြင်း။ |
| (၂) အဒိန္နာဒါန။ | သူ၏ ဥစ္စာကို ခိုးယူခြင်း။ |
| (၃) ကာမေသုမိစ္ဆာစာရ။ | သူ၏ သားမယားကို ပြစ်မှားခြင်း။ |

ပါဏာတိပါတ၏ အကြောင်းအင်္ဂါ ငါးပါး

| | |
|---|---|
| (၁) ပါဏော။ | သတ္တဝါလည်း ဖြစ်ခြင်း။ |
| (၂) ပါဏသညိတာ။ | သတ္တဝါဟု အမှတ်ရှိခြင်း။ |
| (၃) ဃာတစိတ္တံ။ | သတ်လိုသော စိတ်ရှိခြင်း။ |
| (၄) ဥပက္ကမော။ | လုံ့လပြုခြင်း။ |
| (၅) တေနေဝမရဏံ။ | ထိုလုံ့လဖြင့်သာလျှင် သေခြင်း။ |

mgyoe.com

mgyoe.com



ပါဏာတိပါတ၏ ပယောဂလုံ့လ ခြောက်ပါး

(၁) သာဟတ္ထိကော။ ကိုယ်တိုင် သတ်ခြင်း။

(၂) အာဏတ္တိကော။ စေခိုင်း၍ သတ်ခြင်း။

(၃) နိဿဂ္ဂိယော။ လက်လွှတ်ပစ်ခတ်၍ သတ်ခြင်း။

(၄) ထာဝရော။ မြဲသော ဓား လှံ စသည် ပြုလုပ်၍ သတ်ခြင်း။

(၅) ဝိဇ္ဇာမယော။ အင်း၊ အိုင်၊ ရုပ်ဖမ်း၊ သံဖမ်း၊ ရုပ်ထား၊ နာမ်ထား၊ မန္တန်၊ ဒဏ်ပြန် စသည်ဖြင့် သတ်ခြင်း။

(၆) ဣဒ္ဓိမယော။ အစွယ်ခေါက်ခြင်း၊ မျက်စောင်းထိုးခြင်း စသော ကမ္မဝိပါကဇတန်ခိုးဖြင့်သတ်ခြင်း။

အာဒိန္နာဒါန်၏အကြောင်း အင်္ဂါ ငါးပါး

(၁) ပရပရိဂ္ဂဟိတံ။ သူတစ်ပါး သိမ်းဆည်းအပ်သော ဥစ္စာဖြစ်ခြင်း။

(၂) ပရပရိဂ္ဂဟိတသညိတာ။ သူတစ်ပါး သိမ်းဆည်းအပ်သော ဥစ္စာဟု အမှတ်ရှိခြင်း။

(၃) ထေယျစိတ္တံ။ ခိုးလိုသော စိတ်ရှိခြင်း။

mgyoe.com

mgyoe.com



| | |
|---|---|
| (၄) ဥပက္ကမော။ | လုံ့လပြုခြင်း။ |
| (၅) တေနပဟရဏံ။ | ထိုလုံ့လဖြင့် ခိုးခြင်း။ |

အာဒိန္နာဒါန်၏ ပယောဂလုံ့လ ခြောက်ပါး

| | |
|---|---|
| (၁) သာဟတ္ထိကော။ | ကိုယ်တိုင် ခိုးခြင်း။ |
| (၂) အာဏတ္တိကော။ | စေခိုင်း၍ ခိုးခြင်း။ |
| (၃) နိဿဂ္ဂိယော။ | ပစ်လွှတ်၍ ခိုးခြင်း။ |
| (၄) ထာဝရော။ | အမြဲတည်အောင်ပြု၍ ခိုးခြင်း။ |
| (၅) ဝိဇ္ဇာမယော။ | အတတ်ဖြင့် ခိုးခြင်း။ |
| (၆) ဣဒ္ဓိမယော။ | တန်ခိုးဖြင့် ခိုးခြင်း။ |

အာဒိန္နာဒါန်၏ အပြားခိုးခြင်း ၂၅ ပါး

| | |
|---|---|
| နာနာဘဏ္ဍပဉ္စကံ။ | အထူးထူးသော သက်ရှိ၊ သက်မဲ့ ဘဏ္ဍာရှိသော ငါးပါးအပေါင်း။ |
| ဧကဘဏ္ဍပဉ္စကံ။ | တစ်ပါးသော သက်ရှိ ဘဏ္ဍာရှိသော ငါးပါးအပေါင်း။ |
| သာဟတ္ထိကပဉ္စကံ။ | သာဟတ္ထိကဖြင့် မှတ်အပ်သော ငါးပါးအပေါင်း။ |
| ပုဗ္ဗပယောဂပဉ္စကံ။ | ပုဗ္ဗပယောဂဖြင့် မှတ်အပ်သော ငါးပါးအပေါင်း။ |

mgyoe.com

mgyoe.com



| | |
|---|---|
| ထေယျာဝဟာရပဥ္စက။ | ထေယျာဝဟာရဖြင့် မှတ်အပ်သော ငါးပါးအပေါင်း။ |

**နာနာဘဏ္ဍာပဥ္စက ငါးပါး**

| | |
|---|---|
| (၁) အာဒိယေယျ။ | အရာမ် စသည်ကို တရားတွေ့၍ ခိုးခြင်း။ |
| (၂) ဟာရေယျ။ | အရပ်တစ်ပါးသို့ ဆောင်ယူသွားသော ဥစ္စာကို ခိုးခြင်း။ |
| (၃) အဝဟာရေယျ။ | အပ်နှံထားသော ဥစ္စာကို ခိုးခြင်း။ |
| (၄) ဣရိယာပထံဝိကောပေယျ။ | ဣရိယာပုထ်ကို ဖျက်၍ ခိုးခြင်း။ |
| (၅) ဌာနာစာဝေယျ။ | တည်ရာမှ ရွေ့စေ၍ ခိုးခြင်း။ |

**ကေဘဏ္ဍာပဥ္စက ငါးပါး**

| | |
|---|---|
| (၁) အာဒိယန။ | တရားဆင်၍ ခိုးခြင်း။ |
| (၂) ဟာရဏ။ | အရပ်တစ်ပါးသို့ ဆောင်ယူသွားသော ဥစ္စာကို ခိုးခြင်း။ |
| (၃) အဝဟာရဏ။ | အပ်နှံထားသော ဥစ္စာကို ခိုးခြင်း။ |
| (၄) ဣရိယာပထဝိကောပန။ | ဣရိယာပုထ်ကို ဖျက်၍ ခိုးခြင်း။ |

mgyoe.com